# မြန်မာနိုင်ငံ အထွေထွေရွေးကောက်ပွဲအတွက် ကာတာစင်တာ၏

# ဒုတိယမြောက် ကြားဖြတ်အစီရင်ခံစာ

# ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့

## အကျဉ်းချုပ်

ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ လုပ်ထုံးလုပ်နည်းများကြောင့် မြို့နယ်စုစုပေါင်း ၂၀% နီးပါးသည် နေအိမ်တွင် နေထိုင်ရေး (stay at home)အမိန့်များတွင် အကျုံးဝင်လျက်ရှိပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား ရွှေ့ပြောင်းသွားလာရေးမှာ ခက်ခဲလျက်ရှိသော်လည်း နိုဝင်ဘာလ (၈)ရက်နေ့တွင် ကျင်းပမည့် မြန်မာ့အထွေထွေ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများကို ဆက်လက်လုပ်ဆောင်နေလျက်ရှိသည်။ တစ်နိုင်ငံလုံး၌ နိုင်ငံရေးဆိုင်ရာ မဲဆွယ်စည်းရုံးရေးနှင့် စပ်လျဉ်းသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကန့်သတ်မှုများ ဆက်လက် တည်ရှိနေဆဲဖြစ်ပြီး မဲဆွယ်စည်းရုံးကာလ ကုန်ဆုံးသည်အထိ ဆက်လက်တည်ရှိနေပါလိမ့်မည်။ ရွှေ့ပြောင်း သွားလာခြင်း၊ စုဝေးခြင်းဆိုင်ရာ ဤကန့်သတ်ချက်များသည် လွှတ်တော်ကိုယ်စားလှယ်လောင်း အားလုံးအတွက် မဲဆွယ်စည်းရုံးရေး၏ ထင်သာမြင်သာရှိမှုနှင့် အကြိတ်အနယ် ပြိုင်ဆိုင်နိုင်မှုတို့အပေါ်တွင် သက်ရောက်မှုရှိသည်။ ပါတီအချင်းချင်းအကြား ထိတွေ့ပွတ်တိုက်မှုများနှင့် လုံခြုံရေးဆိုင်ရာ ထူးခြားဖြစ်စဉ်အချို့ ရှိစေကာမူ ပါတီများသည် မဲဆန္ဒရှင်များဆီသို့ (မဲဆွယ်စည်းရုံးရေးများ) ရောက်ရှိနိုင်စေရန်အတွက် ယေဘုယျအားဖြင့် မဲဆွယ်စည်းရုံးရေးနည်းလမ်းအမျိုးမျိုးကို ဆောင်ရွက်နိုင်လျက်ရှိကြပြီး ငြိမ်းချမ်းရေးအမြင့်ဆုံးရှိနိုင်သော ပတ်ဝန်းကျင်အခင်းအကျင်းတစ်ရပ်တွင် ပြိုင်ဆိုင်နိုင်လျက် ရှိကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC)သည် ရွေးကောက်ပွဲ(ဆိုင်ရာ လုပ်ငန်းစဉ်များကို) ကြီးကြပ် ဆောင်ရွက်နိုင်ရေးအတွက် ၎င်းအား အပ်နှင်းထားသည့် ကျယ်ပြန့်လှသော လိုအပ်သလို လုပ်ဆောင်ပိုင်ခွင့်ကို ဆက်လက်ကျင့်သုံးလျက်ရှိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဒဏ်သင့် မဲဆန္ဒရှင်ပြည်သူ အမျိုးအစား အမျိုးမျိုးအတွက် ပုံမှန်ဆန္ဒမဲပေးခြင်းနှင့် အထူးဆန္ဒမဲပေးခြင်းဆိုင်ရာ စီမံဆောင်ရွက်ချက်များကို ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန (MOHS)နှင့် ပူးပေါင်းပြီး ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ စီမံဆောင်ရွက်ချက်များအတွက် လုပ်ထုံးလုပ်နည်းများကို UECက ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ အောက်တိုဘာလ ၁၆ ရက်နေ့တွင် UECသည် လုံခြုံရေးမတည်ငြိမ်မှု အကြောင်းပြချက်ဖြင့် နိုင်ငံအနှံ့ရှိ နယ်မြေအချို့တွင် ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းမည့် သို့မဟုတ် ကျင်းပခြင်းမပြုမည့်အကြောင်း ကြေညာချက်များကို ထုတ်ပြန်ခဲ့သည်။ နယ်မြေများကို ရွေးချယ်ရာ တွင် ကျိုးကြောင်းညီညွတ်မှု မရှိခြင်းကြောင့် ဝေဖန်ခံခဲ့ရပြီး

မဲဆန္ဒရှင် ၁.၄ သန်း နီးပါးခန့်ကို ဖယ်ထုတ် ထားလိုက်ခြင်းသို့ ဦးတည်သွားခဲ့သည်။ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ထုတ်ပြန်သော UEC၏ ကြေညာချက် တွင်မူ ယခင်ဆုံးဖြတ်ချက်အချို့ကို ပြန်လည် ပြောင်းလဲခဲ့ပြီး ထပ်မံပယ်ဖျက်မှုများကို ကြေညာခဲ့သည်။

UECသည် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ထပ်မံပယ်ဖျက်ခဲ့ပြီး ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP)ကို ဖျက်သိမ်းခဲ့သလို ယင်းပါတီ၏ ကိုယ်စားလှယ်လောင်းများကိုလည်း စာရင်းမှ ပယ်ဖျက်ခဲ့သည်။ ဤစီမံဆောင်ရွက်ချက်များ စုပေါင်းဖြစ်ပေါ်လာခြင်းသည် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အရေအတွက်ကို ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း အရေအတွက်အောက် ပိုမို လျော့နည်းသွားစေခဲ့သည်။ ထို့အပြင် ယခင်ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်ပါက အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်း ရာခိုင်နှုန်းမှာ တိုးတက်လာသော်လည်း အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ပါဝင်မှုမှာ နည်းပါးနေဆဲဖြစ်ပြီး ၁၆ ရာခိုင်နှုန်းသာ ရှိနေသေးသည်။ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုးကွယ်ယုံကြည်မှုနှင့် ဆက်နွှယ်နေသော အချက်အလက်များနှင့် တိုင်းရင်းသားဝိသေသလက္ခဏာများအား ကောက်ယူခြင်းနှင့် ထုတ်ပြန်ဖော်ပြနေခြင်းကို UECက ဆက်လက်လုပ်ဆောင်နေခြင်းသည် ပြည်ထောင်စုဥပဒေများနှင့် ကျင့်သုံး လျက်ရှိသော နိုင်ငံတကာ အခြေခံမူများအရ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်လုံခြုံမှုရရှိပိုင်ခွင့်အား လေးစား လိုက်နာ မှုအပေါ် မေးခွန်းထုတ်မှုများကို ဖြစ်ပေါ်စေသည်။

ရွေးကောက်ပွဲကြိုတင်ပြင်ဆင်မှုများ၏ အစိတ်အပိုင်းအဖြစ် မဲဆန္ဒရှင်စာရင်း ဒုတိယအကြိမ် ကပ်ထားကြေညာ ခြင်းကို နယ်မြေအများစု၌ အောက်တိုဘာလ (၁) ရက်နေ့မှ (၁၄) ရက်နေ့အထိ ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။ IEOMနှင့် ပါဝင်ဆွေးနွေးသူများက မဲစာရင်း အရည်အသွေးမှာ ပြည့်စုံကောင်းမွန်သည်ဟု ခြုံငုံအကဲဖြတ်ကြ သော်လည်း ထိခိုက်လွယ်သူအုပ်စုများထဲတွင် ဖယ်ထုတ်ထားခံရနိုင်ခြေရှိသည့် မဲဆန္ဒရှင်များလည်း ရှိနိုင်ကြောင်း ဖော်ပြခဲ့ကြသည်များလည်း ရှိသည်။ UEC၏ မဲဆန္ဒရှင်အသိပညာပေးကမ်ပိန်းများမှာ လူမှုမီဒီယာကမ်ပိန်းများ၊ ဝက်ဘ်ဆိုက်များ၊ အက်ပ်များနှင့် စာတိုပို့စနစ်များအဖြစ် မဲဆန္ဒရှင်များထံသို့ ရောက်ရှိနေသည်ကို ထင်ထင်ရှားရှား တွေ့မြင်ရစဉ်တွင် မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးနှင့် နိုင်ငံပြင်ပကြိုတင်မဲပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိ သည်။

IEOMသည် ရပ်ဝေးမှ လုပ်ငန်းဆောင်ရွက်နေကြသည့် ကာလရှည်ရွေးကောက်ပွဲလေ့လာသူ ၂၄ ဦးဖြင့် နိုင်ငံတစ်ဝန်းရှိ ရွေးကောက်ပွဲဆိုင်ရာ ပတ်သက်ဆက်နွှယ်သူ ၈၃၄ ဦးထံသို့ အောင်မြင်စွာ ဆက်သွယ်မေးမြန်း နိုင်ခဲ့သည်။ IEOMသည် လူမှုမီဒီယာပေါ်မှ မဲဆွယ်စည်းရုံးလှုပ်ရှားမှုများကိုလည်း ကြည့်ရှုလေ့လာလျက်ရှိသည်။

ကာလရှည်ရွေးကောက်ပွဲလေ့လာသူများနှင့် ထပ်မံခန့်အပ်သည့် ကာလတို ရွေးကောက်ပွဲလေ့လာသူ ၁၄ ဦးတို့ကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် မဲဆွယ်စည်းရုံးခြင်း၊ ဆန္ဒမဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် ရလဒ်များ စာရင်းသွင်းခြင်းတို့ကို လေ့လာရန်အတွက် တာဝန်ပေးအပ်မည်ဖြစ်သည်။ ကာတာစင်တာအနေဖြင့် IEOM၏ လုပ်ငန်းများကို ဆက်လက်ပံ့ပိုးခဲ့ပါသော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် မြန်မာနိုင်ငံတော် အစိုးရတို့အား အသိအမှတ်ပြုပါကြောင်းကို ထပ်လောင်းဖော်ပြလိုပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် အမြင်များကို မျှဝေပေးခဲ့ကြပါသော နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs)ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။

## နောက်ခံအခြေအနေ

နိုင်ငံတကာ ရွေးကောက်ပွဲကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် ပင်မအသင်း၊ ကာလရှည်ရွေးကောက်ပွဲ လေ့လာသူများ (LTOs) အဖြစ် တာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံသား ၂၄ ဦး နှင့် လူမှုမီဒီယာ အထူးပြု စောင့်ကြည့်လေ့လာရေးယူနစ်၏ ပံ့ပိုးမှုများနှင့်အတူ ကာတာစင်တာ နိုင်ငံတကာ ရွေးကောက်ပွဲ လေ့လာရေးမစ်ရှင် (IEOM) သည် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် မြန်မာ့အထွေထွေ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းများကို ဆက်လက်၍ လေ့လာနေသည်။ ဤအစီရင်ခံစာသည် စက်တင်ဘာလ နှောင်းပိုင်းတောက်လျှောက်ရှိ တိုးတက်မှုများအပေါ်တွင် အာရုံစူးစိုက်ထား သော ပထမအကြိမ် ကြားဖြတ်အစီရင်ခံစာအပေါ်တွင် အခြေပြုပါသည်။[၁] ဤ အစီရင်ခံစာတွင် ရွေးကောက်ပွဲနေ့မတိုင်မီ ရက်သတ္တပတ်တိုင်သည်အထိ မဲဆွယ်စည်းရုံးကာလ ဒုတိယပိုင်းနှင့် ပတ်သက်၍ လေ့လာချက်များနှင့် တိုးတက်မှုများကို အကြမ်းဖျင်းဖော်ပြထားသည်။ မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများဆီသို့ LTOs များ ကိုယ်တိုင်သွားရောက်၍ ရွေးကောက်ပွဲဖြစ်စဉ်များကို လေ့လာရန်မှာ ကိုဗစ်-၁၉ လူပ်ရှားမှုကန့်သတ်ချက်များကြောင့် ယခုအချိန်ထိ ဖြစ်နိုင်ခြေမရှိသေးပါ။ ထိုအဟန့်အတားကို ကျော်လွှား နိုင်ရန်အတွက် IEOM သည် ရွေးကောက်ပွဲ၊ လုံခြုံရေးအရာရှိများနှင့် အစိုးရအရာရှိများ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ (CSOs) နှင့် မီဒီယာတို့နှင့် အွန်လိုင်း အစည်းအဝေးပွဲများမှတစ်ဆင့် ရပ်ဝေးမှနေ၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့်

[၁] ကြားဖြတ်အစီရင်ခံစာကို ဤလင့်ခ်တွင် ကြည့်ရှုနိုင်ပါသည် - www.cartercenter.org/news/pr/2020/myanmar-2020-preelection-statement.pdf

ပတ်သက်သည့် သတင်းအချက်အလက်များကို စုဆောင်းရန်အတွက် အောက်တိုဘာလ ၂၉ ရက်နေ့အထိ အစည်းအဝေးပေါင်း ၈၃၄ ခုကို ပြုလုပ်ခဲ့ပြီးဖြစ်သည်။

## ရွေးကောက်ပွဲစီမံခန့်ခွဲမှု

ဥပဒေမူဘောင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို စီစဉ်ရန်နှင့် စီမံခန့်ခွဲရန်အတွက် ကျယ်ပြန့်သော ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို ပေးအပ်ထားသည်။ ထိုအချက်ကြောင့် UEC သည် လုပ်ငန်းစဉ်အတောအတွင်း ထုတ်ပြန်ကြေညာချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခြင်းဖြင့် အခြေအနေအလိုက် ကိုက်ညီအောင် ပြုပြင်နိုင်သည့် ပြောင်းလွယ်ပြင်လွယ်ရှိမှု လုပ်ဆောင်ခွင့်ရှိသည်။ UEC သည် ရွေးကောက်ပွဲ၏ လက်ရှိအဆင့်တွင် စီမံဆောင်ရွက်ချက်အများအပြားကို ပြဋ္ဌာန်းရန်အလို့ငှာ ဤလုပ်ပိုင်ခွင့်ကို အသုံးချခဲ့သည်။

*ကိုဗစ်-၁၉ အတွက် ဆန္ဒမဲပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ*

စက်တင်ဘာလ ၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ကျန်းမာရေးဆိုင်ရာ စံလုပ်ငန်းလမ်းညွှန် (SOP) အပိုင်း (၁)တွင် နိုင်ငံရေးဆိုင်ရာ မဲဆွယ်စည်းရုံးခြင်းအတွက် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ပြဋ္ဌာန်းခဲ့ပြီး မဲဆွယ်စည်းရုံးရေးကာလ ပြီးဆုံးချိန်အထိ ဆက်လက် အတည်ပြုထားလျက်ရှိသည်။[၂] UEC သည် ဆန္ဒမဲပေးခြင်းအတွက် နေ့စဉ်လူမှုဘဝတွင် ခပ်ခွာခွာ နေခြင်းနှင့် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး ဝတ်စုံ/ပစ္စည်းများ အသုံးပြုခြင်းကဲ့သို့သော ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး စီမံဆောင်ရွက်ချက်များကို သတ်မှတ်ပေးသည့် ကျန်းမာရေးဆိုင်ရာ စံလုပ်ငန်းလမ်းညွှန် (SOP) အပိုင်း (၂) ကိုလည်း စက်တင်ဘာလ ၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ SOP အပိုင်း (၂) တွင် ပါတီနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲလေ့လာသူများနှင့် မီဒီယာများကို မဲရုံအတွင်းသို့ ဝင်ခွင့်ပေးခြင်းကို စီမံခန့်ခွဲရန်အတွက် မဲရုံမှူးများအား ခွင့်ပြုထားသည့် စီမံဆောင်ရွက်ချက်များ ပါဝင်သည်။ ထိုစီမံဆောင်ရွက်ချက်သည် ကန့်သတ်ထားသော နေရာများကို ထိန်းချုပ်ရန်အတွက် အခြားနိုင်ငံများတွင် အသုံးပြုသည့် စီမံဆောင်ရွက်ချက် တစ်ခုဖြစ်ပြီး ကိုဗစ်-၁၉ အန္တရာယ်များနှင့် စပ်လျဉ်း၍ အရေးပါမှုမြင့်မားလှသည်။ သို့ရာတွင် ယင်းအချက်ကို အလွဲသုံးစားပြုမှုများ ရှိနိုင်သောကြောင့် မည်သည့်ပါတီကိုမျှ သို့မဟုတ် မည်သည့်အဖွဲ့အစည်းကိုမျှ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဟန့်တားခြင်း သို့မဟုတ် ချန်လှပ်ခြင်းတို့ မပြုလုပ်မည့် တရားမျှတသော လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းသက်ရောက်စေရန် မဲရုံမှူးများအတွက် တိကျပြတ်သားသော လမ်းညွှန်ချက်များ လိုအပ်သည်။

*ကြိုတင်မဲပေးခြင်းဆိုင်ရာ အထူးစီမံဆောင်ရွက်ချက်များ*

---

[၂] ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမိန့် ၁၃၆/၂၀၂၀

အသက်အရွယ်ကြီးသူများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် နာတာရှည်ရောဂါအခံရှိသူများအတွက် နေအိမ်မှနေ၍ ကြိုတင်မဲပေးခြင်းကို ဥပဒေက ခွင့်ပြုထားသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် UEC သည် ထိုပြဋ္ဌာန်းချက်အတိုင်း နေအိမ်တွင်နေထိုင်ရန် သတ်မှတ်ထားသော မြို့နယ်များ (လက်ရှိတွင် ခန့်မှန်းခြေ မြို့နယ် ၇၄ ခု) သို့မဟုတ် လူဦးရေထူထပ်သော နေရာ[၃]တို့တွင် နေထိုင်သည့် အသက် ၆၀ နှင့် အထက်ရှိသော သက်ကြီးရွယ်အိုများကိုပါ ထည့်သွင်း၍ ထပ်မံတိုးချဲ့လိုက်သည်။ နေအိမ်မှနေ၍ ကြိုတင်မဲပေးခြင်းကို အောက်တိုဘာလ ၂၉ ရက်နေ့မှစ၍ နိုဝင်ဘာလ ၅ ရက်နေ့အတွင်း ဆောင်ရွက်မည်ဖြစ်သည်။ အားလုံးပါဝင်မှုကို လွယ်ကူချောမောစေရန် ကူညီလုပ်ဆောင်သည့် စီမံဆောင်ရွက်ချက် ဖြစ်သော်လည်း အိမ်မှနေ၍ ကြိုတင်မဲပေးခြင်းဆိုင်ရာလုပ်ထုံးများသည်  ပိုမိုကောင်းမွန်သော ကာကွယ်မှုများလိုအပ်သည့် အချို့သော ပတ်သက်ဆက်နွှယ်သူများ၏ စိန်ခေါ်မှုကို ကြုံခဲ့ရသည်။ ကွာရန်တင်းဝင်ရောက်နေသူများသည် ကွာရန်တင်းဌာနများတွင် မဲပေးနိုင်မည်ဖြစ်ပြီး ခရီးသွားလာရေး ကန့်သတ်ချက်များကြောင့် မိမိတို့၏ အမြဲတမ်းနေထိုင်ရာ နေရပ်သို့ မပြန်နိုင်သူများသည် ၎င်းတို့ ရောက်ရှိရာအရပ်မှနေ၍ မဲပေးနိုင်မည်ဖြစ်သည်။ ထိုသူများ မဲပေးရန်အတွက် တောင်းဆိုချက်များကို ရွေးကောက်ပွဲနေ့မတိုင်မီ ရက်သတ္တပတ် နှစ်ပတ်အတွင်း တင်သွင်းနိုင်ပြီး အောက်တိုဘာလ ၂၅ ရက်နေ့မှစ၍ နိုဝင်ဘာလ ၇ ရက်နေ့အတွင်းတွင် မဲပေးရမည်ဟု UEC မှ ကြေညာခဲ့သည်။

*ရွေးကောက်ပွဲ ရွှေ့ဆိုင်းမှုများနှင့် ပယ်ဖျက်မှုများ*

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လုံခြုံမှုမရှိသောကြောင့်ဖြစ်စေ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းနိုင်၊ ပယ်ဖျက်နိုင်ပါသည်။[၄] ထိုသို့သော ဆုံးဖြတ်ချက်များသည် မဲဆန္ဒရှင်များ၏ ဆန္ဒမဲပေးပိုင်ခွင့်ကို ရုပ်သိမ်းလိုက်ပြီး ရွေးကောက်ပွဲရလဒ်များကို ဩဇာလွှမ်းမိုးနိုင်သဖြင့် ဤဆုံးဖြတ်ချက်များအား ချမှတ်ရသည့် သတ်မှတ်ချက်များ ပွင့်လင်းမြင်သာမှု ရှိစေရေးမှာ ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲလေ့လာသူများ ပေးခဲ့ကြသော အကြံပြုချက်များထဲမှ တစ်ချက်ဖြစ်သည်။ မဲဆန္ဒနယ်တစ်ခုလုံး၏ ဆန္ဒမဲပေးခြင်းကို ရွှေ့ဆိုင်းလိုက်ပါက မဲဆန္ဒနယ်နေရာမှာ လစ်လပ်သွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် ကြားဖြတ်ရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပနိုင်ပါသည်။ သို့သော် မဲဆန္ဒနယ်များအတွင်း နေရာအချို့၌သာ ဆန္ဒမဲပေးခြင်းကို ပယ်ဖျက်လိုက်ခြင်းကမူ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို  ရွေးကောက်တင်မြှောက်နိုင်သေးသဖြင့်  ရွေးကောက်ပွဲရလဒ်များမှာ

[၃] စတုရန်းကီလိုမီတာတစ်ခုအတွင်းတွင် လူဦးရေ ၅,၀၀၀ အထက် နေထိုင်ကြသည့် နယ်မြေဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

[၄] ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၉ (င)သည် UECကို "သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို [ရွှေ့ဆိုင်း]" ရန် ခွင့်ပြုထားသည်။ ရွေးကောက်ပွဲဥပဒေများ၏ ပုဒ်မ ၅၀နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေ ပုဒ်မ ၁၀ (စ) တွင်လည်း အလားတူပြဋ္ဌာန်းချက်များ ပါဝင်သည်။

အစစ်အမှန်ဖြစ်မဖြစ်ဟူသော စိုးရိမ်ပူပန်မှုများ သို့မဟုတ် သတိမူမိသော ပြုပြင်ခြယ်လှယ်မှုများကို ဖန်တီးလျက်ရှိသည်။

အောက်တိုဘာလ ၁၆ရက်နေ့တွင် UECသည် ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့မှ မြို့နယ် ၁၅ မြို့နယ်တွင် ဆန္ဒမဲပေးခြင်းကို လုံးဝ ရွှေ့ဆိုင်းကြောင်း၊ ၄၁ မြို့နယ်တွင် နေရာအချို့၌ ဆန္ဒမဲပေးခြင်းကို ရွှေ့ဆိုင်းကြောင်း ကြေညာသည့် ကြေညာချက်ခြောက်စောင်ကို ထုတ်ပြန်ခဲ့သည်။[၅] ဤရွှေ့ဆိုင်းမှုများ၏ ရလဒ်အနေဖြင့် အောက်လွှတ်တော် (ပြည်သူ့လွှတ်တော်)တွင် ရှမ်းပြည်နယ် (ခြောက်နေရာ)နှင့် ရခိုင်ပြည်နယ် (ကိုးနေရာ)တို့အတွက် မဲဆန္ဒနယ်နေရာပေါင်း ၁၅နေရာ လစ်လပ်သွားမည်ဖြစ်ပြီး အထက်လွှတ်တော် (အမျိုးသားလွှတ်တော်)တွင် ရခိုင်ပြည်နယ်မှ ခုနစ်နေရာ လစ်လပ်သွားမည်ဖြစ်သည်။ ပြည်နယ်လွှတ်တော်များတွင် ရခိုင်ပြည်နယ် (နေရာ ၂၀)နှင့် ရှမ်းပြည်နယ် (၁၂ နေရာ) တို့အတွက် မဲဆန္ဒနယ် နေရာပေါင်း ၃၂နေရာ လစ်လပ်သွားမည်ဖြစ်သည်။ ကြေညာချက်များသည် ပြည်သူများ၏ စိုးရိမ်ပူပန်မှုများ၊ အထူးသဖြင့် ၂၀၁၅ခုနှစ်တွင် ရခိုင်ပြည်နယ်လွှတ်တော်နေရာအများအပြားတွင် အနိုင်ရခဲ့သော ရခိုင်အမျိုးသားပါတီ (ANP)နှင့် အခြားတိုင်းရင်းသားနိုင်ငံရေးပါတီများ၏ စိုးရိမ်ပူပန်မှုများကို အစပျိုးဖြစ်ပေါ်စေခဲ့သည်။ ရွေးကောက်ပွဲရွှေ့ဆိုင်းမှုများကို ပြန်လည်သုံးသပ်ပြင်ဆင်ပေးရန် UECသို့ တောင်းဆိုလိုက်သော ပူးပေါင်းထုတ်ပြန်ကြေညာချက်တစ်ရပ်ကို တိုင်းရင်းသားနိုင်ငံရေးပါတီငါးခုမှ ထုတ်ပြန်ခဲ့စဉ်[၆] အခြားမျက်မှောက်ရေးရာလေ့လာသူများက ရွေးကောက်ပွဲရွှေ့ဆိုင်းသည့် နယ်မြေများနှင့် (ချင်းပြည်နယ်ရှိ ပလက်ဝမြို့နယ်ကဲ့သို့သော) အခြား ပဋိပက္ခဒဏ်သင့်နယ်မြေများကြားမှာ လုံခြုံရေးအခြေအနေဆန်းစစ်လေ့လာမှုတွင် ခြားနားကွာဟချက်များ ရှိနေကြောင်း မီးမောင်းထိုးဖော်ပြခဲ့ကြသည်။

အောက်တိုဘာလ ၂၀ ရက်နေ့တွင် UECသည် သတင်းထုတ်ပြန်ရေးအစီအစဉ်တစ်ရပ် ကျင်းပခဲ့ပြီး ရွေးကောက်ပွဲရွှေ့ဆိုင်းမှုများကို ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး (UGO)နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံမှ အကြံပြုချက်များအပေါ် အခြေခံခဲ့ကြောင်းနှင့် ထပ်မံကြေညာချက်များ လိုအပ်ကောင်း လိုအပ်လိမ့်မည်ဖြစ်ကြောင်း အကြံပြုခဲ့သည်။ ထိုနေ့မှာပင် ကာကွယ်ရေးဝန်ကြီးဌာနက အချို့ကိစ္စရပ်များတွင် ၎င်းတို့ဝန်ကြီးဌာန၏ အကြံပြုချက်များမှာ အပြည့်အဝ သက်ရောက်ခြင်း

---

[၅] ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြေညာချက်အမှတ် (၁၉၂/၂၀၂၀)၊ (၁၉၃/၂၀၂၀)၊ (၁၉၄/၂၀၂၀)၊ (၁၉၅/၂၀၂၀)၊ (၁၉၆/၂၀၂၀)နှင့် (၁၉၇/၂၀၂၀)

[၆] ကချင်ပြည်နယ်ပြည်သူ့ပါတီ၊ ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ၊ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် မွန်ညီညွတ်ရေးပါတီ

မရှိကြောင်း၊ ပယ်ဖျက်လိုက်သည့် နယ်မြေအချို့တွင် ၎င်းတို့ အကြံပြုထားခြင်းမရှိသော နယ်မြေအချို့ ပါဝင်နေကြောင်း၊ သို့သော် ဆုံးဖြတ်ချက်မှာ UECအပေါ်တွင်သာ မူတည်သည်ကို အသိအမှတ်ပြုပါကြောင်း ကြေညာခဲ့သည်။ အောက်တိုဘာလ ၂၃ ရက်နေ့တွင် သမ္မတရုံးကလည်း သတင်းထုတ်ပြန်ရေးအစီအစဉ်တစ်ရပ် ကျင်းပခဲ့ပြီး ပြည်ထောင်စုအစိုးရက ပါဝင်ကူညီဆောင်ရွက်ခဲ့သော စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် မဲဆန္ဒရှင်စာရင်းကောက်ယူခြင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်းနှင့် မဲရုံနေရာများ သတ်မှတ်ခြင်းတို့ ပါဝင်ကြောင်း အသေးစိတ်ဖော်ပြရှင်းလင်းခဲ့သည်။ အောက်တိုဘာလ ၂၇ ရက်နေ့တွင် UECသည် ပလက်ဝမြို့နယ်ရှိ ကျေးရွာအုပ်စုပေါင်း ၈၅စုအနက် ၈၄စုတွင် ရွေးကောက်ပွဲကျင်းပခြင်း မပြုတော့ကြောင်း ကြေညာသည့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ကျန်ရှိနေသော ရပ်ကွက်ခုနစ်ခုနှင့် ကျေးရွာအုပ်စုတစ်စုတို့က ပလက်ဝမြို့နယ်၏ အောက်လွှတ်တော် (ပြည်သူ့လွှတ်တော်) ကိုယ်စားလှယ်ကို ရွေးကောက်တင်မြှောက်မည်ဖြစ်သည်။ ယခင်ရွှေ့ဆိုင်းမှုများတွင် ပါဝင်ခဲ့သော မြို့နယ် ငါးမြို့နယ်အတွင်းမှ ရပ်ကွက်တစ်ခုနှင့် ကျေးရွာအုပ်စုကိုးစုတို့တွင် ရွေးကောက်ပွဲကျင်းပခြင်းမပြုဟု ကြေညာထားသည်ကိုလည်း ပြန်လည်ပယ်ဖျက်ကြောင်းကို ကြေညာချက်များ ထုတ်ပြန်ခဲ့သည်။[၇]

*လွှတ်တော်ကိုယ်စားလှယ်လောင်း မှတ်ပုံတင်ခြင်း*

မှတ်ပုံတင်ထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းများစာရင်းကို ဩဂုတ်လ ၃၁ ရက်နေ့တွင် စိစစ်အတည်ပြုပြီးသည့်နောက် ခန့်မှန်းခြေအားဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁,၃၁၇ ဦး (ကနဦး မှတ်ပုံတင်ထားသူများ၏ ၁၉%) သည် ပြန်လည်ရုပ်သိမ်းခံရပြီး လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးမှာ ကွယ်လွန်သွားခဲ့သည်။ အထွေထွေရွေးကောက်ပွဲတွင် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၅၀ ဦးအပါအဝင် နိုင်ငံရေးပါတီပေါင်း ၉၁ ခုမှ ခန့်မှန်းခြေ ကိုယ်စားလှယ်လောင်း ၅,၆၅၁ ဦး ပါဝင်သည်။[၈] ထိုဖြစ်ရပ်သည် ၂၀၂၀ ခုနှစ်တွင် ရှိသော လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ စုစုပေါင်း အရေအတွက်အား ၂၀၁၅ ခုနှစ်တွင် ဝင်ပြိုင်ခဲ့သော ၆,၀၇၄ ဦး အောက်သို့ လျော့နည်းစေခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ် လောင်းများ သိသိသာသာ လျော့နည်းသွားမှုမှာ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP) ကို တရားဝင်ဖျက်သိမ်း၍ ၎င်း၏ ကိုယ်စားလှယ်လောင်း ၁,၁၃၀ ဦးကို စာရင်းမှ

[၇] ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြေညာချက်အမှတ် (၂၀၀/၂၀၂၀) နှင့် (၂၀၂/၂၀၂၀)

[၈] UEC သည် ၎င်းတို့၏ ဝက်ဘ်ဆိုက်ပေါ်တွင် နောက်ဆုံးရ ကိုယ်စားလှယ်လောင်းဦးရေဆိုင်ရာ ကိန်းဂဏန်းများကို ယခုတိုင် ပြင်ဆင်ခြင်း မရှိသေးပေ။ နောက်ဆုံးရ ကိုယ်စားလှယ်လောင်းဦးရေဆိုင်ရာ ကိန်းဂဏန်းများမှာ ပြောင်းလဲမှု ရှိကောင်းရှိနိုင်သည်။

ပယ်ဖျက်လိုက်သော UEC ၏ ဆုံးဖြတ်ချက်မှနေ၍ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ UEC ၏ အဆိုအရ ပါတီကို ဖျက်သိမ်းမှုသည် ပါတီခေါင်းဆောင်က တရားခံပြေးတစ်ဦးဖြစ်ပြီး ငွေကြေးဆိုင်ရာ မရိုးသားမှု စွပ်စွဲချက်များ ကြောင့် ဖမ်းဆီးခံရခြင်းနှင့် ဆက်စပ်၍ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

စိစစ်အတည်ပြုပြီးသည့်နောက်မှစ၍ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄ ဦးကို ပြန်လည်စိစစ်ခဲ့ပြီး မဲဆွယ်စည်းရုံးရေးကာလစတင်ပြီးနောက် ရက်သတ္တပတ်အနည်းငယ်အကြာတွင် အနည်းဆုံး ကိုးဦးအား ပြန်လည် ရုပ်သိမ်းခဲ့ကြောင်း UEC က ကာတာစင်တာ IEOM ကို အသိပေးခဲ့သည်။ ထိုကိုးဦးအနက်မှ စာရင်းပယ်ဖျက်ခံရသူ ခုနစ်ဦးသည် နိုင်ငံသားဖြစ်မှုအပေါ်တွင် မူတည်နေပြီး ၎င်းတို့သည် ရခိုင်ပြည်နယ်တွင် ပြိုင်ပွဲဝင်ခဲ့သော နောက်ဆုံး ရိုဟင်ဂျာလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း အပါအဝင် မွတ်ဆလင် သို့မဟုတ် တိုင်းရင်းသား ပါတီများမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ နှင့် တရုတ်မျိုးရိုးမှ ဆင်းသက်လာသော လွှတ်တော် ကိုယ်စားလှယ်လောင်းများ ဖြစ်ကြသည်။ ဖြစ်စဉ်တစ်ခုတွင် စာရင်းမှပယ်ဖျက်ခံရသော လွှတ်တော် ကိုယ်စားလှယ်လောင်းသည် အမျိုးသားလွှတ်တော်တွင် ထမ်းဆောင်ခဲ့သူဖြစ်ပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ တွင်လည်း တူညီသော အရည်အချင်းပြည့်မီမှု စံသတ်မှတ်ချက်များအောက်မှနေ၍ ပါဝင်ယှဉ်ပြိုင်ခဲ့သူဖြစ်သည်။ ထိုကဲ့သို့ အချိန်နောက်ကျသော စာရင်းပယ်ဖျက်မှုများကြောင့် ပါတီများအား လွှတ်တော် ကိုယ်စားလှယ်လောင်း များကို အစားထိုးလဲလှယ်ရန် သို့မဟုတ် လျှို့ဝှက်ဆန္ဒမဲများကို ထပ်မံရိုက်နှိပ်ရန် သို့မဟုတ် ပြင်ဆင်ရန် အခွင့်အရေး မရနိုင်တော့ပေ။

ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာသည့် ကြေညာချက်များနှင့် စာရင်းမှပယ်ဖျက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မဲရုံများရှိ နံရံကပ်ပိုစတာများမှတစ်ဆင့် မဲဆန္ဒရှင်များကို အသိပေးသွားမည်ဖြစ်ကြောင်း UEC က တရားဝင်အသိပေးအကြောင်းကြားခဲ့သည်။ သို့ရာတွင် ကြိုတင်မဲပေးသူများက ဆန္ဒပြုပြီးလောက်မည်ဖြစ်သော မဲများအပါအဝင် စာရင်းမှပယ်ဖျက်လိုက်သော လွှတ်တော်ကိုယ်စားလှယ် လောင်းများကို ဆန္ဒပြုသည့် လျှို့ဝှက်ဆန္ဒမဲများသည် အောက်တိုဘာလ ၂၁ ရက်နေ့တိုင်သည်အထိ UEC ၏ ကြေညာချက်အရ ပယ်မဲအဖြစ်သတ်မှတ်ခံရမည်ဖြစ်သည်။ ယင်းအခြေအနေသည် ပုဂ္ဂိုလ်တစ်ဦးစီ၏ ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အပေါ်တွင်သာ အနုတ်သဘောဆောင် သက်ရောက် နေသည်မဟုတ်ဘဲ နိုင်ငံရေးပါတီများ၏ လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ကိုယ်စားပြုခွင့်ကိုလည်း သက်ရောက်မှုရှိပြီး လျှို့ဝှက်ဆန္ဒမဲ ပေးပြီးဖြစ်သော မဲဆန္ဒရှင်များ၏ အခွင့်အရေးကိုလည်း ထိခိုက်နေပါသည်။ ရလဒ်အနေနှင့် UEC သည် ထိခိုက်မှုများကို ကုစားဖြေရှင်းရန်နှင့် မဲဆန္ဒရှင်များက တရားမဝင်သော ပယ်မဲများပေးခြင်းကို ရှောင်ရှားနိုင်ရန်အတွက်

လျှို့ဝှက်ဆန္ဒမဲအပါအဝင် ၎င်းတို့၏ ရွေးချယ်မှုများနှင့်ပတ်သက်၍ ကောင်းစွာ သိရှိနားလည်ကြောင်း သေချာအောင် ပြုလုပ်ရမည့် ကြီးလေးသော ဝန်ထုပ်ဝန်ပိုးတစ်ခုကို ဖြစ်ပေါ်စေပါသည်။

အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်မှုကို အားပေးသည့် လိုအပ်ချက်များ သို့မဟုတ် အထူးစီမံဆောင်ရွက်ချက်များကို ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိကြောင်း တွေ့ရသည်။ ၂၀၁၀ ခုနှစ်မှစ၍ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်မှု ရာခိုင်နှုန်းသည် မြင့်တက်လာသော်လည်း အမျိုးသမီးများမှာ လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ၏ ၁၆% မျှသာလျှင် ဖြစ်ကြသည်။ အပြုသဘောဆောင်ပြောရလျှင် ပါတီအများအပြားသည် ပါတီတွင်း သာတူညီမျှရှိရေး မူဝါဒများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပြီး ပြည်ထောင်စုအောက်လွှတ်တော် (ပြည်သူ့လွှတ်တော်) အတွက် ၎င်းတို့လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ၂၀%မှ ၅၀%မှာ အမျိုးသမီးများ ဖြစ်ကြသည်။[၉] သို့ရာတွင် နိုင်ငံတကာစံနှုန်းများရှိ ကျား၊ မရေးရာ ရည်မှန်းချက်များကို ဦးတည်သည့် ယေဘုယျ ကတိကဝတ်အနေနှင့် အထူးစီမံဆောင်ရွက်ချက်များ ထားရှိခြင်းမရှိဘဲ မဲဆန္ဒနယ်မြေများ၏ အနည်းဆုံး ၃၀ ရာခိုင်နှုန်းကို အမျိုးသမီးများအား ရွေးကောက်တင်မြှောက်ခံစေရန်ဟူသော ရည်မှန်းချက်ပန်းတိုင်မှာ ဖြစ်တန်ဖွယ် မရှိပေ။

*ဆက်သွယ်ရေးနှင့် အကြံဉာဏ်များ ရယူခြင်း*

ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်လျှောက်တွင် UEC ၏ ဆုံးဖြတ်ချက်ချခြင်းများ၊ ဆက်သွယ်ရေးနှင့် ပုံမှန် ချိတ်ဆက်ဆောင်ရွက်မှုများတွင် ပွင့်လင်းမြင်သာမှု ကင်းမဲ့ခြင်းနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများကို ရွေးကောက်ပွဲဆိုင်ရာ ပတ်သက်ဆက်နွှယ်သူများက IEOM အား ဆက်လက်ထုတ်ဖော်ပြောဆိုလျက် ရှိသည်။ သို့ရာတွင် အောက်ခြေအဆင့်၌ ကော်မရှင်အဖွဲ့ခွဲများသည် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များနှင့် နောက်ဆုံးပေါ် အခြေအနေများကို နိုင်ငံရေးပါတီများနှင့် လွှတ်တော် ကိုယ်စားလှယ်လောင်းများအား အသိပေးရန်အတွက် ပုံမှန်အစည်းအဝေးများ သို့မဟုတ် သင့်လျော်သလို ကျင်းပသော အစည်းအဝေးများတွင် ပိုမိုနီးကြားတက်ကြွကြကြောင်း ပါဝင်ဆွေးနွေးသူအများအပြားက ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ ထိုအစည်းအဝေးများ ကျင်းပနေသော နေရာတွင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသည် ဒေသခံ ပတ်သက်ဆက်နွှယ်သူများအကြားရှိ ပိုင်နိုင်စိတ်ချမှုနှင့် ယုံကြည်အားကိုးမှုတို့ကို ပိုမိုခံစားရကြောင်း သတင်းရရှိခဲ့သည်။

*ဒေတာအချက်အလက်လုံခြုံရေးနှင့် အကာအကွယ်ပေးခြင်း*

[၉] ပြည်သူ့ရှေ့ဆောင်ပါတီ (PPP)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၊ ရခိုင်အမျိုးသားပါတီ (ANP) နှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS)။

စက်တင်ဘာလ ၂၉ ရက်နေ့တွင် UEC သည် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုးကွယ်ယုံကြည်မှုနှင့် ဆက်နွှယ်နေသော အချက်အလက်များနှင့် တိုင်းရင်းသားဝိသေသလက္ခဏာများ ပါဝင်သော အသေးစိတ် သတင်းအချက်အလက်များကို ပံ့ပိုးပေးထားသည့် အက်ပလီကေးရှင်းတစ်ခုမှတစ်ဆင့် အွန်လိုင်းတွင် ထုတ်ပြန်ခဲ့သည်။ နိုင်ငံတကာ လူ့အခွင့်အရေးစာချုပ်စာတမ်းများနှင့် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်လုံခြုံမှုရရှိပိုင်ခွင့်ကို ပံ့ပိုးပေးထားသည်။[30] ထိုအခွင့်အရေးအား အကာအကွယ်ပေးမှုတွင် ပါရှိသောအချက်မှာ ဥပဒေအရ လိုအပ်ချက်များကို ဖြည့်စွမ်းရန်အတွက် ပုဂ္ဂိုလ်တစ်ဦး၏ မရှိမဖြစ်လိုအပ်သော အချက်အလက်များကိုသာ စုဆောင်းရမည်ဆိုသည့် အခြေခံသဘောတရားနှင့် ကောင်းစွာ သိရှိနားလည်ပြီးနောက် ပေးအပ်ထားသော သဘောတူခွင့်ပြုမှုမပါရှိလျှင် ထိုအချက်အလက်ကို အသုံးချမှုသည် ဥပဒေနှင့်အညီ ဖြစ်စေရမည်ဟူ၍ ဖြစ်သည်။ ရွေးကောက်ပွဲဥပဒေ၌ ပြဋ္ဌာန်းထားသော လွှတ်တော်ကိုယ်စားလှယ် လောင်း အရည်အချင်းသတ်မှတ်ချက်များတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ ကိုးကွယ်ယုံကြည်မှု သို့မဟုတ် တိုင်းရင်းသားဆိုင်ရာ ဆက်နွှယ်မှုများကို ကောက်ယူရန် မလိုအပ်ပေ။

## ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ

*မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း*

ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာပြီးနောက်တွင် မဲဆန္ဒရှင်စာရင်း၌ မှတ်ပုံတင်ထားသော မဲဆန္ဒရှင် ၃၈.၁ သန်းခန့် ရှိပါသည်။ မဲဆန္ဒရှင်များအနေဖြင့် ဖြည့်စွက်၊ နှုတ်ပယ်၊ ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ရန် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာခြင်းကို အောက်တိုဘာလ ၁ ရက်နေ့မှ ၁၄ ရက်နေ့အထိ ပြုလုပ်ခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပဋိပက္ခဖြစ်ပွားနေဆဲ နယ်မြေအချို့မှလွဲ၍ နိုင်ငံတစ်ဝန်းလုံးရှိ ရပ်ကွက်၊ ကျေးရွာအဆင့် ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဖြည့်စွက်၊ နှုတ်ပယ်၊ ပြင်ဆင်ထားသော အခြေခံမဲဆန္ဒရှင်စာရင်းကို ထုတ်ပြန်ခဲ့သည်။ မဲဆန္ဒရှင်များသည် မဲဆန္ဒရှင်စာရင်းတွင် မိမိတို့အမည် ပါဝင်ခြင်းရှိ မရှိနှင့် ပြည်နယ်/တိုင်းဒေသကြီးအလိုက် ၎င်းတို့မဲသွားပေးရမည့် မဲရုံ သတ်မှတ်ထားမှုတို့ကို ဝက်ဘ်ဆိုက်နှင့် မိုဘိုင်း အက်ပ်လီကေးရှင်းများမှတစ်ဆင့်လည်း ကြည့်ရှုနိုင်ပါသည်။ သို့သော်လည်း ဝက်ဘ်ဆိုက်၏ အမြန်နှုန်း၊ ဝင်ရောက်ကြည့်ရှုနိုင်မှုတို့နှင့် ပတ်သက်၍ အခက်အခဲများ ရှိနေပါသေးသည်။ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာချိန်အတောအတွင်း အဓိကတောင်းဆိုခဲ့ကြသည့် ပြင်ဆင်မှုများမှာ အမည်နှင့် နေရပ်လိပ်စာများ ပြောင်းလဲခြင်း၊ မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ ကျန်ရစ်ခဲ့သည်တို့ကို ထည့်သွင်းခြင်းနှင့် အသက်ဆုံးပါး သွားပြီဖြစ်သော မဲဆန္ဒရှင်များကို ပယ်ဖျက်ခြင်းတို့ဖြစ်သည်ဟု သိရှိရပါသည်။ အပြီးသတ် မဲဆန္ဒရှင်စာရင်း အချက်အလက်များကို ယခုအချိန်အထိ မထုတ်ပြန်ရသေးပါ။

---

[30] ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၇ ကို ကြည့်ရှုပါ။

ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတို့မှ IEOM ဆက်သွယ်မေးမြန်းခဲ့သော အရပ်ဘက်လူမှုအဖွဲ့အစည်း ၂၅ ဖွဲ့မှ ကိုယ်စားလှယ်အများစု၊ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၀ ဦးတို့က ၎င်းတို့သည် မဲဆန္ဒရှင်များအား မဲဆန္ဒရှင်စာရင်း၏ မှန်ကန်တိကျမှုကို စစ်ဆေးရန် တိုက်တွန်းအားပေးရာတွင် တက်ကြွစွာ လုပ်ဆောင်ခဲ့ကြပြီး ဤကိစ္စရပ် အောင်မြင်ရန်အတွက် ထောက်ခံဝန်းရံသူများနှင့် စေတနာ့ဝန်ထမ်းများကို တိုက်တွန်းခဲ့ကြသည်ဟု ဆိုကြသည်။ တွေ့ဆုံမေးမြန်းခဲ့သော ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၉ ဦးအနက် ၄၅.၂ ရာခိုင်နှုန်းက မဲဆန္ဒရှင်စာရင်းသည် ပြည့်စုံလုံလောက်သည်ဟု သတ်မှတ်ခဲ့ကြပြီး ၃၆.၂ ရာခိုင်နှုန်းက ကောင်းမွန်သည်ဟု ယူဆကြသည်။ သို့သော်လည်း အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ၆၉ ရာခိုင်နှုန်းနှင့် မီဒီယာဘက်မှ ပါဝင်ဆွေးနွေးသူများအနက် ၆၄ ရာခိုင်နှုန်းက အထူးသဖြင့် ရွှေ့ပြောင်းလုပ်သားများနှင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) ကဲ့သို့ ထိခိုက်နစ်နာလွယ်သောအုပ်စုများ ချန်လှပ်ကျန်ရစ်နေနိုင်ခြေရှိမှုအပေါ် စိုးရိမ်မှုများ ပြသခဲ့ကြသည်။ ၎င်းတို့နှင့် အခြားမဲဆန္ဒရှင်များသည် ၎င်းတို့ အနည်းဆုံး ရက်ပေါင်း ၉၀ နေထိုင်နေသည့် နယ်မြေ၏ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်ရန် လျှောက်ထားနိုင်သည်။ သို့သော်လည်း အဆိုပါ စီမံဆောင်ရွက်ချက်များသည် မဲပေးပိုင်ခွင့်ရရှိစေပြီး အပြောင်းအရွှေ့ ပြုလုပ်ပေးသည့် အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်းများမှာလည်း အချိန်ကုန်လူပန်းဖြစ်စေသည့် အထောက်အထားစာရွက်စာတမ်းများ လိုအပ်ခြင်းကြောင့် အချို့အုပ်စုများအတွက် ခက်ခဲပါသည်။ လတ်တလောအချိန်တွင် ရွေးကောက်ပွဲ ပယ်ဖျက် လိုက်မှုများကြောင့် ရခိုင်ပြည်နယ်ရှိ မဲဆန္ဒရှင် ၁ သန်း အပါအဝင် မဲဆန္ဒရှင် ၁.၄ သန်းခန့်သည်လည်း အဆိုပါရွေးကောက်ပွဲများတွင် ပါဝင်ခွင့်ရခြင်းမှ ချန်လှပ်ခံထားရတော့မည်ဖြစ်သည်။

*ကြိုတင်ဆန္ဒမဲပေးခြင်း*

မြန်မာနိုင်ငံ ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်းများအရ နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များ၊ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များနှင့် မဲဆန္ဒနယ်တွင်း မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းကို ခွင့်ပြုထားပါသည်။ မဲဆန္ဒနယ်တွင်း မဲဆန္ဒရှင်များသည် ရပ်ကွက်နှင့် ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပုံမှန်မဲပေးရက်ထက် ၁၀ ရက်[၁၁] သို့မဟုတ် နှစ်ရက်[၁၂] ကြိုတင်၍ ကြိုတင်မဲပေးနိုင်ပါသည်။ နိုင်ငံပြင်ပ ကြိုတင်မဲပေးခြင်းကို နိုင်ငံရပ်ခြားရှိ

[၁၁] ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ၊ ပြည်နယ်/တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲအတွင်း တာဝန်ထမ်းဆောင်ရမည့် မဲဆန္ဒရှင်များ။

[၁၂] ရွေးကောက်ပွဲနေ့တွင် ခရီးသွားနေသော မဲဆန္ဒရှင်များ၊ တာဝန်ကျနေသော အစိုးရဝန်ထမ်းများ၊ အချုပ်ကျနေသူများ၊ ဆေးရုံများတွင် တက်ရောက်နေသူများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ပြင်းထန်စွာနာမကျန်းဖြစ်နေသူများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ။

မြန်မာသံရုံးများနှင့် ကောင်စစ်ဝန်ချုပ်ရုံးများ၌ စက်တင်ဘာလ ၂၄ ရက်နှင့် အောက်တိုဘာလ ၂၇ ရက်တို့ကြားတွင် ကျင်းပခဲ့သည်။ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၄၅ နိုင်ငံမှ မဲဆန္ဒရှင် ၇၀ ရာခိုင်နှုန်းသည် ဆန္ဒမဲများ ပေးခဲ့ကြပြီး တောင်ကိုရီးယားနိုင်ငံတွင် ၈၀ ရာခိုင်နှုန်း၊ စင်္ကာပူနိုင်ငံတွင် ၈၉ ရာခိုင်နှုန်းနှင့် ဂျပန်နိုင်ငံတွင် ၇၂ ရာခိုင်နှုန်း ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန (MoFA) က သတင်းမီဒီယာများသို့ သတင်းပေးပို့ခဲ့သည်။[၁၃]

တပ်မတော်သားများနှင့် အတူနေမိသားစုဝင်များ၊ ကျောင်းသား/သူများ၊ အချုပ်ကျနေသူများ၊ ဆေးရုံတက်ရောက် နေသူ အတွင်းလူနာများနှင့် မဲဆန္ဒနယ်ပြင်ပရောက်နေသည့် အခြားမဲဆန္ဒရှင်များအတွက် မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်မဲပေးခြင်းကို အောက်တိုဘာလ ၈ ရက်နေ့မှ ၂၁ ရက်နေ့အတွင်း ပြုလုပ်စေခဲ့သည်။ အဆိုပါ မဲပေးခြင်းအတွက် လုပ်ထုံးလုပ်နည်းကို သက်ဆိုင်ရာ အဖွဲ့အစည်းများက ဆောင်ရွက်၍ ၎င်း၏ စီမံဆောင်ရွက်မှုမှာ ပွင့်လင်းမြင်သာမှုမရှိသေးသည်ကို တွေ့နေရပါသေးသည်။ ၂၀၁၅ ခုနှစ်တွင် မြင့်တက်ခဲ့သော စိုးရိမ်မှုများကဲ့သို့ပင် အထူးသဖြင့် တပ်မတော်တပ်ရင်းများ၌ မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်မဲပေးခြင်းနှင့် စပ်လျဉ်း၍ ဤလုပ်ငန်းစဉ်တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ဆန္ဒမဲများ၏ လျှို့ဝှက်မှုနှင့် ဖြောင့်မတ်မှန်ကန်မှုရှိစေရေး ဆောင်ရွက်နိုင်ရန် အကာအကွယ်ပေးမှုများ မရှိပါ။ သို့သော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ပြည့်နှစ် နည်းဥပဒေများ ပြင်ဆင်ချက်အရ ထပ်ဆောင်း စီမံဆောင်ရွက်ချက်များသည် ဖြစ်နိုင်ခြေရှိသော နှစ်ကြိမ်မဲပေးခြင်းကို ကာကွယ်တားဆီးရန်အလို့ငှာ ပုံမှန်မဲပေးခြင်းအတွက် အဆိုပါမဲဆန္ဒရှင်များကို မဲစာရင်းတွင် အမှတ်အသားပြုထားပါသည်ဟု IEOM အား အသိပေးပါသည်။

*မဲရုံအဖွဲ့ဝင်များကို သင်တန်းပေးခြင်း*

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကော်မရှင်အဖွဲ့ခွဲများအတွက် လမ်းညွှန်၊ မဲပေးခြင်းနှင့် မဲရေတွက်ခြင်းဆိုင်ရာ ဗီဒီယိုများနှင့် အခြားကိုယ်တိုင်လေ့လာနိုင်သော ရင်းမြစ်များအပါအဝင် သင်တန်း အထောက်အကူပြုပစ္စည်းများကို ဖန်တီးပြုလုပ်၍ ဖြန့်ဝေပေးခဲ့သည်။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝန်ထမ်းများအား ကြိုတင်မဲပေးခြင်းကဲ့သို့သော လုပ်ငန်းဆောင်ရွက်မှုများအတွက် လေ့ကျင့် သင်ကြားပေးထားသည်။ မြို့နယ်အဆင့်တွင် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး ၉၂,၀၀၀ အား လူတွေ့သင်တန်း ပေးခြင်းများကို ဆောင်ရွက်နေဆဲဖြစ်သည်။ မဲရုံတစ်ရုံတွင် အဖွဲ့ဝင် ၁၀ ဦးနှုန်း ချထားပြီး နိုဝင်ဘာလ ၆ ရက်နှင့်

---

[၁၃] http://mizzima.com/article/nearly-70-eligible-myanmar-expats-cast-their-absentee-ballots-myanmar-foreign-missions တွင် ဝင်ရောက်ကြည့်ရှုပါ။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင်အချက်အလက်ရယူသည်။

၇ ရက်များတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်၌ ၄၇၈,၀၀၀ ဦးခန့်အား လေ့ကျင့်သင်တန်းပေးသွားရန် မျှော်မှန်းထားပါသည်။ ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲနေ့တွင် တာဝန်ယူဆောင်ရွက်ကြမည့် မဲရုံဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ထုံးလုပ်နည်းများအတွက် အွန်လိုင်းသင်တန်းပေးသွားမည်ဖြစ်သည်။

*ဆန္ဒမဲပေးခြင်းဆိုင်ရာ အထူးစီမံဆောင်ရွက်ချက်များ*

ယခုနှစ်အစောပိုင်းတွင် ပြုလုပ်ခဲ့သော ဥပဒေရေးရာ ပြင်ဆင်ချက်များအရ တပ်မတော်သားများနှင့် အတူနေမိသားစုဝင်များသည် ရွေးကောက်ပွဲနေ့တွင် တပ်ရင်းအတွင်း၌ မဟုတ်တော့ဘဲ ပုံမှန်မဲရုံများတွင် မဲပေးကြရမည်ဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အဆိုပါမဲဆန္ဒရှင်များသည် မဲရုံ ၆၃၅ ရုံတွင် မဲဆန္ဒရှင်ပြည်သူများနှင့်အတူ မဲပေးကြရမည်ဖြစ်ပြီး ပြည်သူလူထုနှင့် ဝေးကွာသည့်အရပ်တွင် ရောက်ရှိနေကြသော တပ်မတော်သားများနှင့် အတူနေမိသားစုဝင်များအတွက် မဲရုံ ၁၂၇ ရုံ ထားရှိပေးမည်ဟု ဆိုသည်။ ပုံမှန်မဲရုံများနှင့် ဝေးကွာသော ဒုက္ခသည်စခန်းများရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) မဲပေးနိုင်ကြစေရန် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက ကြိုးပမ်းဆောင်ရွက်နေကြပုံပေါ်သည်။[၁၄] ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ဥပဒေပြင်ဆင်ချက်များ၏ အင်္ဂါရပ်တစ်ခုလည်း ဖြစ်သလို ၎င်း၏ မဟာဗျူဟာစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် မသန်စွမ်းသူများ မဲပေးနိုင်စေရန် အတွက်လည်း နှစ်မြုပ်ဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အခြေအနေကို တိုးမြှင့်အားပေးရန်အတွက် နယ်ပယ်အတွင်း လှုပ်ရှားဆောင်ရွက်နေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစည်းအဝေးများစွာ ကျင်းပခဲ့သော်လည်း IEOM ဘက်မှ ပါဝင်ဆွေးနွေးသူများကမူ ဝေးလံသောဒေသများတွင် ဘီးတပ်ကုလားထိုင်ဖြင့် သွားလာနိုင်ရန်မှာ အခြေခံဆောက်အအုံဆိုင်ရာ အခက်အခဲများ ရှိနေသေးကြောင်း မှတ်ချက်ချခဲ့ကြသည်။

*ရွေးကောက်ပွဲအငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းခြင်း*

ယခုနှစ်အစောပိုင်း ဥပဒေပြင်ဆင်ချက်များတွင် ရွေးကောက်ပွဲဖြစ်စဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရွေးကောက်ပွဲစေ့စပ်ညှိနှိုင်းရေးကော်မတီများ (EMCs) ကို ဖွဲ့စည်းခဲ့သည်။ ၎င်းတို့၏ ဆုံးဖြတ်ချက်များမှာ စည်းနှောင်မှုမရှိသော သဘာဝရှိသော်လည်း EMCs များအား နိုင်ငံရေးပါတီများက ဆွေးနွေးမှုနှင့် သဘောတူညီမှု တည်ဆောက်ရန်

---

[၁၄] ဥပမာအားဖြင့် ဗန်းမော်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် မံစီမြို့နယ်ရှိ IDP စခန်းသုံးခုတွင် မဲရုံးများ ဖွင့်လှစ်ကြောင်း ကြေညာခဲ့သည်၊ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်အတွင်း မြို့နယ်လေးခုတွင် IDP စခန်း ၂၀ ရှိသည်။

နေရာများအဖြစ် သတ်မှတ်ထားလေ့ရှိသည်ဟု သိရှိရသည်။ ပါဝင်ဆွေးနွေးသူများက ၎င်းတို့သည် လက်မခံနိုင်သော အပြုအမူအသေးအဖွဲ့များ၊ ကောလာဟလများနှင့် စွပ်စွဲတိုင်ကြားခြင်းပြဿနာများကို ဖြေရှင်းရာတွင် ထိရောက်မှုရှိသည်ဟု ယူဆထားကြသည်။ သို့သော်လည်း EMCs လုပ်ငန်းဆောင်ရွက်မှု အတိုင်းအတာမှာ နိုင်ငံအနှံ့တွင် အမျိုးမျိုးကွဲပြားကြသည်။ အောက်တိုဘာလ ၂၃ ရက်နေ့အထိ အငြင်းပွားမှု ၄၃ ခုကို EMCs များက စေ့စပ်ညှိနှိုင်းပေးခဲ့ပြီး အဓိကအားဖြင့် မဲဆွယ်စည်းရုံးရေး အခမ်းအနားများတွင် နှောင့်ယှက်ခြင်း/ဆူပူလှုပ်ရှားခြင်း (၄၉ %)၊ တရားမဝင်မဲဆွယ်စည်းရုံးခြင်း (၂၀ %)၊ လွန်ကဲစွာ အာဏာသုံးလွှမ်းမိုးမှု၊ အကြမ်းဖက်မှု သို့မဟုတ် ခြိမ်းခြောက်မှု (၁၁ %) နှင့် အမုန်းစကား (၇ %) တို့ကို ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်ဟု သတင်းပေးပို့ချက်များအရ သိရှိရသည်။

*မဲဆန္ဒရှင်များအား သတင်းအချက်အလက်နှင့် အသိပညာပေးခြင်း*

မဲဆန္ဒရှင်များအား အသိပညာပေးခြင်းကို အွန်လိုင်း အသိပညာပေး၊ စိတ်ဓာတ်လှုံ့ဆော်ရေး ဗီဒီယိုများ၊ အွန်လိုင်းပဟေဠိများအပြင် ဂီတဖန်တီးမှုပြိုင်ပွဲများကဲ့သို့သော အခြားအခမ်းအနားများကို ပိုမိုအသုံးပြု၍ ပြုလုပ်နေလျက်ရှိသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အပြင် ကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည်လည်း မဲဆန္ဒရှင်စာရင်း အတည်ပြုခြင်း၊ ရွေးကောက်ပွဲနေ့ လုပ်ထုံးလုပ်နည်းများ၊ ကျန်းမာရေးနှင့် လုံခြုံရေး စီမံဆောင်ရွက်ချက်များ၊ ကြိုတင်မဲပေးခြင်းနှင့် ပထမအကြိမ်မဲပေးမည့် လူငယ်များ ပါဝင်လာရေးတို့ကဲ့သို့သော ကဏ္ဍအမျိုးမျိုးတွင် တက်ကြွစွာ ဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါသည်။ စနစ်တကျ မဲဆွယ်စည်းရုံးရေးများတွင် အသုံးပြုနေသော အခြားဆက်သွယ်ရေးနည်းလမ်းများတွင် မိုဘိုင်းဖုန်းများသို့ စာတိုပေးပို့ခြင်းလည်း ပါဝင်သည်။

**မဲဆွယ်စည်းရုံးရေး အခင်းအကျင်း**

ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များသည် လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးအတွက် မဲဆွယ်စည်းရုံးရေး ၏ ထင်သာမြင်သာရှိမှုနှင့် အကြိတ်အနယ် ပြိုင်ဆိုင်နိုင်မှုတို့အပေါ်တွင် သက်ရောက်နေသည်။ လူမှုဘဝ ခပ်ခွာခွာနေခြင်းအတွက် စီမံဆောင်ရွက်ချက်များနှင့် လူများစွာ စီတန်းလှည့်လည်ခြင်းအပေါ် ကန့်သတ်ချက် များသည် လူချင်းတွေ့ဆုံကျင်းပသော ထုံးစံအခမ်းအနားများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ လှုပ်ရှားမှုများကို ကန့်သတ်ခြင်းများအပြင် ဒေသခံမီဒီယာ၏ အခမ်းအနားများအကြောင်း သတင်းရယူခြင်းတို့ကို ထိန်းချုပ်ဟန့်ထားခြင်းတို့ဖြစ်စေသည်။ အဆိုပါကန့်သတ်ချက်များသည် နေအိမ်တွင်သာ နေထိုင်ရန် အမိန့်ထုတ်ပြန်ခံရသည့် နယ်မြေများတွင်

ပိုမိုပြင်းထန်ပြီး နိုင်ငံအနှံ့အပြား ဖြစ်ပေါ်နေသော စီမံဆောင်ရွက်ချက် အမျိုးမျိုးကြောင့် ရှုပ်ထွေးနေသည်။ ရခိုင်ပြည်နယ်တွင် လုံခြုံမှုမရှိခြင်း၊ လော့ခ်ဒေါင်းချကန့်သတ်ခြင်းနှင့် အင်တာနက် အကန့်အသတ်ရှိမှုများကြောင့် မဲဆွယ်စည်းရုံးမှုများသည် အလွန်နည်းပါးပါသည်။

ကန့်သတ်ချက်များ ပိုမိုနည်းပါးသော ဒေသများတွင် ပါတီများသည် မော်တော်ယာဉ်တန်းများဖြင့် မဲဆွယ်စည်းရုံးခြင်း၊ အသံချဲ့စက်များ၊ အိမ်တိုင်ရာရောက် မဲဆွယ်ခြင်း၊ ကြော်ငြာဘုတ်များ၊ လက်ကမ်းစာစောင်များနှင့် ပါတီတံဆိပ်ပါ ပစ္စည်းများဖြင့် မဲဆန္ဒရှင်များသို့ မဲဆွယ်စည်းရုံးနေကြသည်။ လူအနည်းငယ်ဖြင့် စီတန်းလှည့်လည်ခြင်းများနှင့် စုဝေးပွဲများကို ဒေသများစွာတွင် ပြုလုပ်နေကြကြောင်း သိရှိရသည်။ လူများစွာဖြင့် နိုင်ငံရေးစီတန်းလှည့်လည်ခြင်းများပြုလုပ်နေကြောင်း သတင်းအချို့လည်း ရရှိပါသည်။ အချို့မှာ ကန့်သတ်ထားသော လူဦးရေ ၅၀ ထက်ကျော်လွန်နေပြီး လူမှုဘဝ ခပ်ခွာခွာနေခြင်း စည်းမျဉ်းများကို လိုက်နာမှုလည်း မရှိပါ။ အချို့ဖြစ်ရပ်အနည်းငယ်တွင် ဒေသအာဏာပိုင်များ သို့မဟုတ် ရဲများသည် စည်းမျဉ်းများကို လိုက်နာစေရန် ကြားဝင်ဆောင်ရွက်သည်ဟု သိရပြီး ပါဝင်ဆွေးနွေးသူ အနည်းငယ်ကမူ အာဏာရပါတီ၏ မဲဆွယ်စည်းရုံးရေးအခမ်းအနားများအပေါ် အာဏာပိုင်များ၏ သက်ညှာမှု ရှိကြောင်း စွပ်စွဲပြောဆိုကြသည်။

နိုင်ငံရေးပါတီများသည် နိုင်ငံပိုင် ရေဒီယိုနှင့် ရုပ်မြင်သံကြားများတွင် သူတို့၏ မဲဆွယ်စည်းရုံးရေး အစီအစဉ်များကို တင်ပြရန်အတွက် အခမဲ့ထုတ်လွှင့်ချိန် ၁၅မိနစ်စီ ရရှိကြသည်။ သို့သော်လည်း တရားဝင်လိုအပ်သော စာသားများ ကြိုတင်သုံးသပ်ခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် နိုင်ငံရေးပါတီအချို့၏ သတင်းစကားများအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆင်ဆာဖြတ်ခြင်းကို ဆက်လက် ကန့်ကွက်ပြောဆိုနေကြသည်။ ယခုအချိန်တွင် နိုင်ငံရေးပါတီ ၁၀ ခုသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ လုပ်ဆောင်ချက်များမှာ သူတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် လွန်ကဲစွာ အာဏာသုံး၍ လွှမ်းမိုးခြင်းဖြစ်သည်ဟု ယူဆကြ သောကြောင့် သူတို့၏ ထုတ်လွှင့်ခွင့်ကို စွန့်လွှတ်ခဲ့ကြသည်။

တွေ့ဆုံမေးမြန်းခဲ့သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတို့မှ ပါဝင်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၉၂ ဦးနှင့် နိုင်ငံရေးပါတီများအနက် တစ်ဝက်ကျော်ခန့်က လှုပ်ရှားမှုများအတွက် ခွင့်ပြုချက်လျှောက်ထားရသည့် အချိန်ကုန်လူပန်းဖြစ်ရသော လုပ်ငန်းစဉ်အပေါ် ဝေဖန်မှုအချို့ရှိသော်လည်း သူတို့သည် တန်းတူညီမျှသော အခြေအနေများအောက်တွင် မဲဆွယ်စည်းရုံးနိုင်ကြသည်ဟု IEOM အား ပြောကြားခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အများပြည်သူစုဝေးတွေ့ဆုံရာနေရာများကို အသုံးပြုခွင့်အား ဖြစ်မြောက်အောင် ဆောင်ရွက်ပေးပြီး ငြင်းပယ်မှု

အနည်းငယ် ရှိခဲ့သော်လည်း ထိုသို့ငြင်းပယ်ခြင်းမှာ ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များကြောင့် အဖြစ်များသည်ဟု သိရှိရသည်။ သို့သော် လက်ရှိအာဏာရပါတီသည် နေရာများ အသုံးပြုခွင့်လျှောက်ထားရာတွင် ပြိုင်ဘက်များနှင့် နှိုင်းယှဉ်ပါက များစွာအရေးသာသည့်အတွက် မဲဆွယ်စည်းရုံးရေး အခြေအနေများသည် တန်းတူညီမျှမှုမရှိဟု ဖြေကြားသူများအနက် လေးပုံတစ်ပုံက ဆိုကြသည်။

*မဲဆွယ်စည်းရုံးရေးဆိုင်ရာ လုံခြုံရေး*


ရွေးကောက်ပွဲပတ်ဝန်းကျင်သည် ပဋိပက္ခနယ်မြေများမှအပ ယေဘုယျအားဖြင့် တည်ငြိမ်၊ ငြိမ်းချမ်းသော သွင်ပြင် လက္ခဏာကို ဖော်ဆောင်နေသည်ဟု ပါဝင်ဆွေးနွေးသူများက ဖော်ပြကြသည်။ သို့သော် မဲဆွယ်စည်းရုံးရေးသုံး ပစ္စည်းကိရိယာများ ဖျက်ဆီးခံရမှု၊ ပြိုင်ဘက်ပါတီများ၏ ထောက်ခံဝန်းရံသူများအကြား ထိပ်တိုက်တွေ့မှု ဥပမာများအကြောင်း အစီရင်ခံချက်များ၊ မဲဆွယ်စည်းရုံး လှုပ်ရှားမှုများအား အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှု သို့မဟုတ် စွက်ဖက်နှောင့်ယှက်မှုများအကြောင်း သီးခြားအစီရင်ခံချက်များလည်း ရှိနေသည်။ မှတ်သားရမည့် အချက်မှာ ပါတီအချင်းချင်းအကြား ထိပ်တိုက်တွေ့မှုများ ဖြစ်ပေါ်နေစဉ်တွင် ပါတီများကလည်းကောင်း၊ တစ်ဦးတစ်ယောက်ချင်းကလည်းကောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ (MPF)သို့ လွှဲအပ်တိုင်ကြားကြခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ တောင်ကုတ်မြို့နယ်တွင် အောက်တိုဘာလ ၁၄ ရက်နေ့၌ NLD လွှတ်တော်ကိုယ်စားလှယ် လောင်းသုံးဦးကို လက်နက်ကိုင်ဆောင်ထားသူများက အဓမ္မခေါ်ဆောင်သွားသကဲ့သို့သော စိုးရိမ်ပူပန်ရသည့် ထူးခြားဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိသည်။ နောက်ပိုင်းတွင် ထိုကိစ္စအတွက် ရက္ခိုင်တပ်မတော် (AA)က တာဝန်ရှိကြောင်း ပြောဆိုခဲ့သည်။

*လူမှုမီဒီယာ*

နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် လူကိုယ်တိုင် မဲဆွယ်စည်းရုံးသည့် နည်းလမ်းအစား ဖေ့စ်ဘုတ်ပေါ်တွင် တက်ကြွစွာ ဆက်လက်မဲဆွယ်စည်းရုံးလျက် ရှိသည်။ အောက်တိုဘာလ အတွင်း နိုင်ငံရေးပါတီများ၏ စာမျက်နှာများတွင် ဖေ့စ်ဘုတ်ပို့စ် လှုပ်ရှားမှုများမှာ တရားဝင် မဲဆွယ်စည်းရုံးကာလ ပထမပိုင်းဖြစ်သည့် စက်တင်ဘာလ (ရုပ်ပုံ ၁)အတွင်း လေ့လာခဲ့ရသည်များနှင့် ဆင်တူသော်လည်း အောက်တိုဘာလတွင် ချိတ်ဆက်တုံ့ပြန်မှုနှုန်းမှာ ပျမ်းမျှ ၃၀% လျော့နည်းသွားခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ် လောင်းများ၏ ချိတ်ဆက်တုံ့ပြန်မှုနှုန်းကိုမူ ဆန်းစစ်လေ့လာရန် ပိုမိုခက်ခဲနေသည်။ အချို့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများက ဖေ့စ်ဘုတ်မဲဆွယ်စည်းရုံးစာမျက်နှာများ ဖွင့်လှစ်ပြီး

အခပေး ကြော်ငြာများဖြင့် မဲဆွယ်စည်းရုံးနေစဉ်[၁၅] လွှတ်တော်ကိုယ်စားလှယ်လောင်းအများအပြားက ကိုယ်ပိုင်ပရိုဖိုင် များကိုသာ အသုံးပြု၍ မဲဆွယ်စည်းရုံးနေခြင်း သို့မဟုတ် အတည်ပြုအကောင့်များပင် မရှိကြခြင်းတို့ကြောင့် ဖြစ်သည်။ ယနေ့အထိ ကာတာစင်တာ၏ ဆန်းစစ်လေ့လာမှုကို အခြေခံပြီး ခြုံငုံကြည့်လျှင် ဖေ့စ်ဘုတ်ပေါ်မှ ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားမှုများမှာ ၂၀၁၅ ခုနှစ်ကထက် ဤမဲဆွယ်စည်းရုံးကာလအတွင်း စဉ်ဆက်မပြတ် ပိုမိုမြင့်မားလာလျက်ရှိသည်။ သို့သော် တစ်ချိန်တည်းမှာပင် အတိုင်းအတာတစ်ခုအထိရှိသော ပြည်သူများအတွက် အဓိကသတင်းရင်းမြစ်များအဖြစ် သမားရိုးကျမီဒီယာများနှင့် အဖွဲ့အစည်းများ ဆက်လက်တည်ရှိနေသေးကြောင်း ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) ၏ စစ်တမ်းတစ်ရပ်တွင် တွေ့ရသည်။[၁၆]

ရုပ်ပုံ ၁။ <u>နိုင်ငံရေးပါတီ ၂၀၏ ဖေ့စ်ဘုတ်စာမျက်နှာများပေါ်မှ ပို့စ်များနှင့် တုံ့ပြန်မှုများ[၁၇]</u>




---

[၁၅] လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများမှ ဝယ်ယူထားသော ကြော်ငြာများကို ဆန်းစစ်ရန်အတွက် Facebook Ad Library အစီရင်ခံစာကို [www.facebook.com/ads/library/report/?source=archive-landing-page&country=MM](www.facebook.com/ads/library/report/?source=archive-landing-page&country=MM) တွင် ကြည့်ရှုပါ။

[၁၆] [www.pacemyanmar.org/pre-election-2020/?fbclid=IwAR3xUjG5QHBDiGl4rM-WEsl1Y7NNemf1xMN51XAqFS0pp-D3xW-m-xfteBo](www.pacemyanmar.org/pre-election-2020/?fbclid=IwAR3xUjG5QHBDiGl4rM-WEsl1Y7NNemf1xMN51XAqFS0pp-D3xW-m-xfteBo) တွင် ကြည့်ရှုပါ (၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၅ရက်နေ့တွင် အချက်အလက်ရယူသည်)။ PACE၏ ရွေးကောက်ပွဲကြိုစစ်တမ်းအရ ရုပ်မြင်သံကြား (၅၆%)၊ ဖေ့စ်ဘုတ် (၃၈%)၊ ရေဒီယို (၂၉%)၊ မိတ်ဆွေများနှင့် အိမ်နီးချင်းများ (၂၀%)၊ အွန်လိုင်း (၁၉%)၊ သတင်းစာ/ဂျာနယ်များ (၁၈%)၊ အသိုင်းအဝိုင်း ခေါင်းဆောင်များ (၁၃%)၊ ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ (၆%)၊ မိသားစုဝင်များ (၅%)၊ စာတိုပို့စနစ် (၂%)၊ ဘာသာရေးခေါင်းဆောင်များ (၃%)၊ နိုင်ငံရေးခေါင်းဆောင်များ (၂%)နှင့် အခြား (၂%)။

[၁၇] အချက်အလက်ရင်းမြစ် - ၂၀၂၀ ခုနှစ်၊ ဇွန်လ ၁ရက်နေ့မှ အောက်တိုဘာလ ၂၀ရက်နေ့အတွင်း တုံ့ပြန်မှု အမြင့်ဆုံး အရေအတွက်ရှိသော နိုင်ငံရေးပါတီစာမျက်နှာများအတွက် CrowdTangleမှ ရယူခဲ့သော အချက်အလက်။

ကာတာစင်တာသည် ဖေ့စ်ဘုတ်၏ လူမှုမီဒီယာစောင့်ကြည့်ရေးယူနစ်က လုပ်ကြံသတင်းဖြစ်သော သတင်းမှားများကို တမင်တကာဖန်တီးခြင်း၊ လှည့်ဖျားခြင်း သို့မဟုတ် အတည်ပြုထားခြင်းမရှိသော စောဒက ပြောဆိုချက်များအဖြစ် ဆန်းစစ်၊ အတည်ပြုထားသော ဖေ့စ်ဘုတ်ပို့စ်များကို ဆက်လက်လေ့လာခဲ့သည်။ ဤပို့စ်မျိုးများသည် နိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် (အဓိက အားဖြင့် USDP သို့မဟုတ် NLDမှ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးကို တိုက်ခိုက်တတ်လေ့ရှိပြီး မကြာခဏဆိုသလို တိုင်းရင်းသား လူနည်းစုများ သို့မဟုတ် ဘာသာရေးလူနည်းစုများကို ဦးတည်သော အမုန်းစကားများ ပါဝင်လေ့ရှိသည်။ ဤကာလအတွင်း လျင်မြန်စွာ ပျံ့နှံ့သွားလေ့ရှိသည့် (ပရိသတ်အများအပြားထံသို့ လျင်မြန်စွာ ပျံ့နှံ့ ရောက်ရှိသွားသည့်) ရွေးကောက်ပွဲဆိုင်ရာ လုပ်ကြံသတင်း ဥပမာအများအပြားကိုလည်း မှတ်တမ်း တင်ထားခဲ့သလို[၁၈] လုပ်ကြံသတင်း မျှဝေနေသည့် အကောင့်တုများကွန်ရက်တစ်ခုဟု မှတ်ယူနိုင်သည့် မီဒီယာဌာနအတုတစ်ခုကိုလည်း ဂျာနယ်လစ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းမှ လှုပ်ရှားဆောင်ရွက်သူ များ[၁၉]က ဖော်ထုတ်နိုင်ခဲ့ကြသည်။ အောက်တိုဘာလ ၁၈ရက်နေ့တွင် ရွေးကောက်ပွဲနှင့် ဆက်နွှယ်နေသည့် အကြောင်းအရာများကို ပို့စ်တင်ခြင်း အပါအဝင် ချိတ်ဆက်လှုပ်ရှားဆောင်ရွက်သည့် မခိုင်လုံသော ပြုမူလုပ်ဆောင်ပုံများအား ဆန့်ကျင်ရေးဆိုင်ရာ ပလက်ဖောင်းမူဝါဒကို[၂၀] ချိုးဖောက်သော စာမျက်နှာ ၁၇ မျက်နှာနှင့် အကောင့်ပေါင်း ၅၀ ကို ဖယ်ရှားခဲ့ကြောင်း ဖေ့စ်ဘုတ်ကုမ္ပဏီက ကြေညာခဲ့သည်။[၂၁]

## ရွေးကောက်ပွဲလေ့လာခြင်း

ပြည်တွင်းရွေးကောက်ပွဲလေ့လာသူများ၊ သံတမန်ရွေးကောက်ပွဲလေ့လာသူများနှင့် နိုင်ငံတကာရွေးကောက်ပွဲ လေ့လာသူများအား အသိအမှတ်ပြုလွှာ လျှောက်ထားခြင်းကာလကို ရွေးကောက်ပွဲနေ့မတိုင်မီ ရက် ၂၀ အလိုဖြစ်သော အောက်တိုဘာလ ၁၉ရက်နေ့တွင် အဆုံးသတ်ခဲ့သည်။ UECသည် CSOs ၁၂ဖွဲ့နှင့် CSOsကွန်ရက်

[၁၈] ဥပမာအားဖြင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်တစ်ဦး၏ နေအိမ်အား တိုက်ခိုက်မှုတစ်ခုတွင် USDPနှင့် တပ်မတော် ပါဝင်ခဲ့သည်ဆိုသော အတည်ပြုထားခြင်းမရှိသည့် စောဒကပြောဆိုချက်တစ်ရပ် ပါဝင်သော ပို့စ်တစ်ခုကို မျှဝေမှုပေါင်း ၁၁,၀၀၀ ကျော် ရှိခဲ့ပြီး ကြည့်ရှုမိနိုင်ခြေရှိသည့် ပရိသတ်အရေအတွက် ၁၇ သန်းထံသို့ ပျံ့နှံ့ရောက်ရှိခဲ့သည်။

[၁၉] www.rfa.org/english/news/myanmar/media-fake-10132020104123.html တွင် ကြည့်ရှုပါ။ (၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၅ရက်နေ့တွင် အချက်အလက်ရယူသည်)။

[၂၀] ချိတ်ဆက်လှုပ်ရှားဆောင်ရွက်သည့် မခိုင်လုံသော ပြုမူလုပ်ဆောင်ပုံများ ဆိုသည်မှာ "စာမျက်နှာအစုအဝေးအလိုက် သို့မဟုတ် လူပုဂ္ဂိုလ်အစုအဝေးအလိုက်သည် ၎င်းတို့ မည်သူဖြစ်သည်ဟု သို့မဟုတ် မည်သည့်အရာများကို လုပ်ဆောင်နေသည်ဟု အခြားသူများအား လှည့်ဖျားရန်အလို့ငှာ အတူအကွ လုပ်ဆောင်ခြင်း" ဟု ဖေ့စ်ဘုတ်က အဓိပ္ပာယ် သတ်မှတ်သည်။

[၂၁] https://about.fb.com/news/2020/10/removing-coordinated-inauthentic-behavior-september-report/ တွင် ကြည့်ရှုပါ။

တစ်ဖွဲ့တို့မှ ပြည်တွင်းရွေးကောက်ပွဲလေ့လာသူ ၈,၄၁၆ ဦးကို အသိအမှတ်ပြုခဲ့ပြီး နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေးမစ်ရှင်နှစ်ဖွဲ့ဖြစ်သော Asian Network for Free Electionsနှင့် ကာတာစင်တာတို့မှ နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူ ၁၃၇ ဦးကို အသိအမှတ်ပြုခဲ့သလို ဥရောပသမဂ္ဂမှ ရွေးကောက်ပွဲကျွမ်းကျင်ပညာရှင်မစ်ရှင်တစ်ဖွဲ့ကိုလည်း အသိအမှတ်ပြုခဲ့သည်။

IEOMမှ လူတွေ့မေးမြန်းခဲ့သော CSOs ၂၅ဖွဲ့အနက် အားလုံးနီးပါးမှာ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များသည် ၎င်းတို့၏ လှုပ်ရှားမှုများနှင့် လုပ်ငန်းစဉ်အား လက်လှမ်းမီလေ့လာနိုင်မှုအပေါ် သက်ရောက်မှုရှိကြောင်း ဖော်ပြခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေကာမူ အများစုသည် မဲဆန္ဒရှင်စာရင်း ဖြည့်စွက်ပြင်ဆင် နုတ်ပယ်ခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း မှတ်ပုံတင်ခြင်းဖြစ်စဉ်ကို လေ့လာခြင်း၊ မဲဆန္ဒရှင် အသိပညာနှင့် သတင်းအချက်အလက်ပေး လှုပ်ရှားမှုများတွင် ချိတ်ဆက်ပါဝင်ခြင်းနှင့် မဲဆွယ်စည်းရုံးရေးကို ဆက်လက်လေ့လာခြင်းတို့ လုပ်ဆောင်နေကြောင်း ဖော်ပြထားကြသည်။ CSOs အများအပြားမှာ ရွေးကောက်ပွဲနေ့ကို လေ့လာရန် ပြင်ဆင်လျက်ရှိပြီး ရွေးကောက်ပွဲနှောင်းပိုင်းကာလ လုပ်ငန်းစဉ်ဖြစ်သော အငြင်းပွားမှုများ ဖြေရှင်းခြင်းကို ဆက်လက်လေ့လာကြမည် ဖြစ်သည်။

## မစ်ရှင်ဦးစားပေးမှုများ

ကျန်ရှိနေသေးသည့် ရွေးကောက်ပွဲနေ့မတိုင်မီကာလတွင် IEOMသည် မဲဆွယ်စည်းရုံးရေး နောက်ဆုံးအဆင့်များ၊ မဲဆွယ်စည်းရုံး ရပ်နားကာလ၊ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် မဲပေးခြင်းအတွက် နောက်ဆုံးကြိုတင်ပြင်ဆင်မှုများကို လေ့လာသွားမည်ဖြစ်သည်။ ရွေးကောက်ပွဲနေ့ လေ့လာရေးအတွက် ပြင်ဆင်ရာတွင် ကာတာစင်တာသည် ဒေသတွင်းနှင့် နိုင်ငံခြားမှ နိုင်ငံခြားသား ၁၄ ဦးကို ကာလတိုရွေးကောက်ပွဲလေ့လာသူ (STO)များအဖြစ် ခန့်အပ်ခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ဒေသတွင်း ခရီးသွားလာရေးဆိုင်ရာ ကန့်သတ်ချက်များအပေါ် မူတည်ပြီး STOများကို နှစ်ယောက်တစ်ဖွဲ့ ဖွဲ့စည်းကာ မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် ရလဒ်များ စာရင်းသွင်းခြင်းတို့ကို နိုင်ငံအနှံ့ရှိ ရွေးချယ်ထားသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

IEOMသည် ကနဦးတွေ့ရှိချက်များ၊ ရွေးကောက်ပွဲကြိုကာလအကြောင်း နိဂုံးချုပ်တွေ့ရှိချက်များအကြောင်းနှင့် ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်အကြောင်းတို့ကို ထုတ်ပြန်ရန် စီစဉ်ထားပြီး ရွေးကောက်ပွဲနေ့အပြီး မကြာမီတွင် စာနယ်ဇင်းရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပသွားမည် ဖြစ်ပါသည်။

## မစ်ရှင်အကြောင်း

ကာတာစင်တာသည် ၎င်း၏ ရွေးကောက်ပွဲလေ့လာရေးမစ်ရှင်များကို အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲလေ့လာမှုများအတွက် အခြေခံမူများဆိုင်ရာ ကြေညာချက်နှင့်လည်းကောင်း၊ ကုလသမဂ္ဂ၌ ၂၀၀၅ခုနှစ်တွင် ကျင့်သုံးခဲ့ပြီး ရွေးကောက်ပွဲလေ့လာရေးအုပ်စုပေါင်း ၅၀ကျော်က အတည်ပြုထောက်ခံထားသော နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူများအတွက် လိုက်နာရန် ကျင့်ဝတ်များနှင့်လည်းကောင်း ကိုက်ညီအောင် ဆောင်ရွက်လျက်ရှိပါသည်။ IEOMသည် မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေများ၊ ဒေသတွင်းနှင့် နိုင်ငံတကာ သဘောတူညီချက်များအရ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများအတွက် တာဝန်ဝတ္တရားများကို အခြေခံပြီး ရွေးကောက်ပွဲဖြစ်စဉ်ကို ဆန်းစစ်လေ့လာပါသည်။